Display Only

# Make Elections Accessible

# တန်းတူ မဲပေးခွင့် ပေးပါ



မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)မှ ထုတ်ဝေသည်။

# နိုင်ငံရေးနှင့် ရွေးကောက်ပွဲကဏ္ဍတွင်

## မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ ပါဝင်ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI)သည် မသန်စွမ်းသူများ အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ အဆိုအနိုင်ကောင်းစွာ ဘဝရပ်တည်လာနိုင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း၊ အပြည့်အဝ ပါဝင်လာနိုင်ရေးတို့အတွက် ရည်မှန်းချက်ထား ဆောင်ရွက်နေသော မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်သည့် အရပ်ဖက်မသန်စွမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ရုံးချုပ်သည် ရန်ကုန်တွင် တည်ရှိပြီး နိုင်ငံတဝန်းတွင် နယ်ရုံးခွဲပေါင်း ၂၄ ရုံး၊ ဝန်ထမ်းအင်အား ၅၀ ကျော်နှင့် အဖွဲ့ဝင်အင်အား ၂၇၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့သည် မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့်အလုပ်အကိုင်၊ စွမ်းဆောင်ရည် မြှင့်မားရေး၊ ယဉ်ကျေးမှု၊ အနုပညာနှင့် အားကစား၊ အတားအဆီးကင်းမဲ့ပတ်ဝန်းကျင်ဖော်ဆောင်ရေးနှင့် ဥပဒေမူဝါဒများ ပြုပြင် ပြောင်းလဲလာရေးတို့အတွက် ဦးတည်ဆောင်ရွက်နေပြီး နိုင်ငံရေးနှင့်ရွေးကောက်ပွဲကဏ္ဍ ပါဝင်ဆောင်ရွက်မှုကိုမူ ၂၀၁၂ ခုနှစ်တွင် အစပြုခဲ့သည်။

ကနဦးတွင် နိုင်ငံတကာ ရွေးကောက်ပွဲစနစ်များဆိုင်ရာ ဖောင်ဒေးရှင်း (IFES)နှင့် AGENDA - အင်ဒိုနီးရှားတို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများအား နိုင်ငံရေး၊ ရွေးကောက်ပွဲနှင့် မဲဆန္ဒရှင် ပညာပေးခြင်းဆိုင်ရာ အမြင်ဖွင့်သင်တန်းများ ပေးခြင်း၊ အာဆီယံနိုင်ငံများ၏ မသန်စွမ်းသူများ အကျုံးဝင် ရွေးကောက်ပွဲများသို့ သွားရောက်လေ့လာခြင်းတို့ဖြင့် စတင်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံတကာ ရွေးကောက်ပွဲစနစ်များဆိုင်ရာ ဖောင်ဒေးရှင်း (IFES)နှင့် USAID တို့၏ပံ့ပိုးမှုဖြင့် လုပ်ငန်းနှင့် လှုပ်ရှားမှုများကို အရှိန်မြှင့်တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ကြားကာလတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် တွေ့ဆုံဆွေးနွေးမှု ၅ ကြိမ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးမှု ၄ ကြိမ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှု ၃ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု ၂ ကြိမ်၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု ၆ ကြိမ်နှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံတွင်းရှိ ၂.၃ သန်းလူဦးရေရှိသော မသန်စွမ်းသူများ၏ နိုင်ငံသားအခွင့်အရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများကို ဖော်ဆောင်မြှင့်တင်ပေးခဲ့သည်။

၄င်းအပြင် မြန်မာနိုင်ငံအနှံ့အပြားတွင် မသန်စွမ်းသူများအကျုံးဝင် မဲဆန္ဒရှင် ပညာပေးအစီအစဉ်များပြုလုပ်ခြင်း၊ အသိပညာပေးဗွီဒီယို၊ ရေဒီယို၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ဝေခြင်း၊ အစိုးရနှင့်

ပြည်တွင်း/ပရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအား သင်တန်းများပေးခြင်းတို့ကိုလည်း အားဖြည့်ဆောင်ရွက်ခဲ့သည်။

အချိန်တိုကာလအတွင်း ရလာဒ်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၄-၁၈)၊ ရွေးကောက်ပွဲနည်းဥပဒေနှင့် မဲရုံလက်စွဲလမ်းညွှန်တို့တွင် မသန်စွမ်းသူ အခွင့်အရေးများနှင့် မသန်စွမ်းသူများအတွက် အစီအမံများ ပါဝင်ဆောင်ရွက်လာနိုင်ခြင်း၊ အမြင်အာရုံ မသန်စွမ်းသူများသည် အကူအညီမလိုပဲ မျက်မမြင်လက်စမ်းစာဖြင့် ကိုယ်တိုင်လျှို့ဝှက်မဲပေးနိုင်သည့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော Braille Ballot စနစ်ကို စတင် အကောင်အထည်ဖော်နိုင်ခဲ့ခြင်း၊ မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အများနည်းတူ မဲပေးနိုင်မည့် Accessible Polling Station များကို နေရာအချို့တွင် ဖော်ဆောင်နိုင်ခြင်းနှင့် နိုင်ငံရေးပါတီများအနေဖြင့် မသန်စွမ်းသူများ၏ အရေးကိစ္စကို မူဝါဒချမှတ် ဆောင်ရွက်ရန် ပြင်ဆင်လာခြင်းတို့ကို တွေ့ရှိရပါသည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့အနေဖြင့် နိုင်ငံသားအားလုံး၏ နိုင်ငံရေးတွင် အပြည့်အဝပါဝင်ခွင့်နှင့် မဲပေးခွင့်များ ပိုမိုတိုးတက်ရရှိလာရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# မသန်စွမ်းသူများ

## မသန်စွမ်းသူ လူဦးရေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်မူ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူချက်အရ နိုင်ငံလူဦးရေ၏ ၄.၆ ရာခိုင်နှုန်း၊ (၂.၃ သန်းခန့်)သည် မသန်စွမ်းသူများ ဖြစ်ပါသည်။

## မသန်စွမ်းသူဆိုသည်မှာ

ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသည့် ချို့ယွင်းအားနည်းချက်များ ရေရှည်ခံစားနေရသည့် သူများကိုဆိုလိုသည်။

## လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများ အများနည်းတူ ပါဝင်ဆောင်ရွက်မှု မပြုနိုင်ရေး ဟန့်တားထားသော အတားအဆီးများ

မသန်စွမ်းသူများသည် ၎င်းတို့ကိုယ်ခန္ဓာရှိ အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းအားနည်းမှုကြောင့် မဟုတ်ပဲ အောက်ဖော်ပြပါ အတားအဆီးများကြောင့် လူမှုအဖွဲ့အစည်းအတွင်း အများနည်းတူ လှုပ်ရှားသွားလာ ပါဝင်ဆောင်ရွက်မှု မပြုနိုင်ခြင်း ဖြစ်သည်၊

| စဉ် | အတားအဆီး | ရှင်းလင်းချက် - ဥပမာ |
|---|---|---|
| ၁ | ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အတားအဆီး | မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ထားခြင်း မရှိသည့် အဆောက်အဦများ၊ အိမ်သာများ၊ စာသင်ကျောင်းများ၊ ရုံးများ၊ ဆေးရုံများ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများ၊ ခြေလျှောက်လမ်း ပလက်ဖောင်းများ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကြားများ၊ ဘူတာရုံများ၊ သယ်ယူပို့ဆောင်ရေးယာဉ်နှင့် စနစ်များ၊ ဆက်သွယ်ရေး အစီအစဉ်များ၊ ဝန်ဆောင်မှုပုံစံများ စသည့် အချက်များ။ |
| ၂ | မသန်စွမ်းဖြစ်မှုအပေါ် | မသန်စွမ်းသူများသည် ဘာမျှမလုပ်နိုင်သည့် ဒုက္ခိတများဖြစ်သည်၊ |

| | | |
|---|---|---|
| | အဆိုးမြင်သဘောထား ဆိုင်ရာ အတားအဆီး | ကံမကောင်း အကြောင်းမလှသူများ။ မင်္ဂလာမရှိသူများ၊ သနားစရာကောင်းသူများဖြစ်သည်၊ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးများ၊ ဆန်ကုန်မြေလေးများဖြစ်သည်၊ မသန်စွမ်းသူဖြစ်ခြင်းသည် ရှက်စရာ၊ ရွံ့စရာ၊ လူတောမတိုးထိုက်စရာ ကိစ္စတစ်ခုဖြစ်သည်၊ မသန်စွမ်းသူများ ပညာတတ်ဘွဲ့ရ ဖြစ်ရန်မလို၊ စာရေးစာဖတ်တတ်လျှင်ပင် လုံလောက်သည်၊ မသန်စွမ်းသူကို အလုပ်ခန့်လျှင် ခိုင်းစားသည်ဆိုပြီး အခြားသူများကဲ့ရဲ့မှာ စိုးရိမ်သည်၊ မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ လှုပ်ရှားမှုများတွင် ပါဝင်လျှင် ဒုက္ခရှာသည်ဆိုသည့် အတွေးအခေါ်၊ သဘောထားအမြင်များ စသည့် အချက်များ။ |
| ၃ | မူဝါဒဆိုင်ရာ အတားအဆီး | အလုပ်လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ရမည်၊ ယာဉ်မောင်းလိုင်စင် လျှောက်ထားသူသည် ကိုယ်လက်အင်္ဂါ ပြည့်စုံရမည်၊ ဤသင်တန်းသို့ တက်ရောက်မည့်သူသည် မျက်မှန် တပ်ဆင်ထားသူမဖြစ်ရ၊ စိတ်ပေါ့သွပ်သူများ မဲပေးခွင့်မရှိ စသည့် အချက်များ။ |
| ၄ | ဆက်သွယ်ရေးဆိုင်ရာ အတားအဆီး | နားမကြားသူများအတွက် လက်သင်္ကေတဘာသာပြန်အစီအစဉ်များ မရှိခြင်း၊ မျက်စိမမြင်သူများအတွက် မျက်မမြင်လက်စမ်းစာပေဖြင့် ပြုစုထုတ်ပေးသော သတင်းအချက်အလက်ဖြန့်ချိသည့်အစီအစဉ်များ မရှိခြင်း၊ အသံထွက်၍ ဖတ်ပေးသည့် ဂျော့ဆော့ဝဲလ်များ မရှိခြင်း၊ ဉာဏ်ရည်မသန်စွမ်းသူအပါအဝင် မသန်စွမ်းသူများအလွယ်တကူ နားလည်နိုင်မည့် ရုပ်ပုံများ၊ သင်္ကေတများ၊ အမှတ်အသားများ မထားရှိခြင်း စသည့် အချက်များ။ |

**မသန်စွမ်းသူများအပေါ် ရှုမြင်သည့်အမြင်များ**

အုပ်စု (၁) သနားစရာကောင်းသူများဖြစ်သည်၊ ထို့ကြောင့် ပေးကမ်းစွန့်ကြဲရန် စဉ်းစားသည်။

အုပ်စု (၂) ရောဂါသည်လူနာများဖြစ်သည်။ ထို့ကြောင့် ဆေးရုံများ၊ ရာသက်ပန်ဂေဟာများသို့ ပို့ဆောင်ရန် စဉ်းစားသည်။

အုပ်စု (၃) လူ့ထဲက လူသားများအဖြစ် အသိအမှတ်ပြုသည်၊ ထို့ကြောင့် အများနည်းတူ လူသားတစ်ယောက် ရသင့်ရထိုက်သော တန်းတူအခွင့်အရေးများ ရရှိလာရန် ဝိုင်းဝန်းဆောင်ရွက်ပေးသည်။

မသန်စွမ်းသူများအရေးကိစ္စ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရတွင်လည်း တာဝန်ရှိသည်ဟု ခံယူသည်။

***သင်ရော ညှော်သည့်အပ်ပုတ္တင်ဆိုရှိပါသလဲ စိတ်ဆေ ?***

**မသန်စွမ်းသူများ၏ အခွင့်အရေးများ**

မသန်စွမ်းသူတို့၏အခွင့်အရေးများသည် မသန်စွမ်းမဟုတ်သူများ ရရှိနေသည့် အခွင့်အရေးများနှင့် အတူတူပင်ဖြစ်သည်။ အများသူငါ အလွယ်တကူရရှိနေသော အခွင့်အရေးများဖြစ်သည့် ဖွားရာပါ အသက်ရှင်သန်ခွင့်၊ ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ ချပ်ရေး ရွာရေး နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ မဲပေးခွင့်၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူသုံးစွဲနိုင်ခွင့် စသည့် အခွင့်အရေးများပင်ဖြစ်သည်။ သာမန်လူများ မရရှိသေးသည့် အထူးအခွင့်အရေး များကို ဆိုလိုခြင်း မဟုတ်ပါ။

**မသန်စွမ်းသူများ၏အခွင့်အရေးကို အကာအကွယ်ပေးသည့် ပြည်တွင်း/ပြည်ပ တည်ဆဲဥပဒေမူဘောင်နှင့် သဘောတူညီချက်များ**

- ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်၊
- ၂၀၁၁ ခုနှစ်တွင် အာဆီယံနိုင်ငံများအားလုံးက သဘောတူ ချမှတ်ခဲ့သည့် မသန်စွမ်းသူများဆိုင်ရာ အာဆီယံဆယ်စုနှစ်လုပ်ငန်းစဉ်၊
- ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ရွေးကောက်ပွဲများ၊ တန်းတူညီမျှရေးဆိုင်ရာ သဘောတူညီချက်
- ၂၀၁၂ ခုနှစ်တွင် အာရှ-ပစိဖိတ်နိုင်ငံများ၏ဝန်ကြီးများအစည်းအဝေးက အတည်ပြုချမှတ်ခဲ့သည့် မသန်စွမ်းသူများဆိုင်ရာ အင်ချွန်မဟာဗျူဟာလုပ်ငန်းစဉ်၊
- ၂၀၁၃ ခုနှစ်တွင် သဘောတူညီခဲ့သည့် လူအဖွဲ့အစည်းမြင်ပရောက် လူအုပ်စုများအတွက် ဂုဏ်ကဘ ကြေငြာချက်
- ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတော် အစိုးရက အတည်ပြု ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊

**နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများ**

- မသန်စွမ်းသူတိုင်းသည် တန်းတူ မဲပေးပိုင်ခွင့်ရှိသလို လွှတ်တော်တစ်ရပ်ရပ်အတွက် ပါလီမန်အမတ် အဖြစ် ကိုယ်တိုင် ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်လည်း ရှိသည်။
- ရွေးကောက်ပွဲနှင့် ပြည်သူ့ ဆန္ဒခံယူပွဲများတွင် မသန်စွမ်းသူများသည် ခြိမ်းခြောက်ခံရခြင်းမရှိပဲ ၎င်းတို့ကိုယ်ပိုင် ဆန္ဒအလျောက် လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိသည်။

- ထန့်ရှိပါက မသန်စွမ်းသူများသည် ၎င်းတို့စိတ်ကြိုက်ခေါ်ဆောင်လာသော အကူလူဖြင့် မဲပေးခွင့်ရှိသည်။
- မဲရုံများ၊ မဲတာရင်းပြုစုသည့်နေရာများ၊ မဲဆန္ဒရှင်ပညာပေးဟောပြောသည့်နေရာများသည် မသန်စွမ်းသူများ အလွယ်တကူ လာရောက်နိုင်သည့် နေရာများ ဖြစ်ရမည်။
- ရွေးကောက်ပွဲသတင်းများ၊ မဲဆန္ဒရှင် သိသင့်သိထိုက်သည့် သတင်းများ၊ ကိုယ်စားလှယ်လောင်း၏ အချက်အလက်များ ဖြန့်ချိရာတွင် မျက်စိမမြင်သူ၊ နားမကြားသူ၊ ဉာဏ်ရည်မသန်စွမ်းသူအပါအဝင် မသန်စွမ်းသူအားလုံးထံ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရမည်။
- မဲရုံများ၏အတွင်း၊ ခင်းကျင်းထည့်မောက်ပုံနှင့် မဲရုံအသုံးအဆောင်ပစ္စည်းများသည် ဘီးတပ်ကုလားထိုင် အသုံးပြုသူ၊ ကျိုင်းထောက်အသုံးပြုသူ၊ မျက်မမြင်လမ်းလျှောက်တုတ် အသုံးပြုသူအပါအဝင် မသန်စွမ်းသူအားလုံးအတွက် လက်လှမ်းမီလွယ်ကူ အဆင်ပြေစေသည့်အနေအထား ဖြစ်ရမည်။
- မသန်စွမ်းသူများသည် ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့များ၏ လုပ်ငန်းများနှင့် စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသား အားလုံးနှင့်တန်းတူ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများကြုံတွေ့ခဲ့သည့် အခက်အခဲ အတားအဆီးများ**

- ရွေးကောက်ပွဲသတင်း၊ မဲဆန္ဒရှင်သတင်းများကို အချိန်နှင့်တပြေးညီ မရရှိသလို သတင်းဖြန့်ချိသည့် နည်းလမ်းနှင့်ပုံစံများသည်လည်း အထူးသဖြင့် မျက်စိမမြင်သူ၊ နားမကြားသူ၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် လုံး၀ (လုံး၀) လက်လှမ်းမမီ အဆင်မပြေပါ။
- မဲစာရင်းပြုစုသည့်နေရာ၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပေးသည့်နေရာနှင့် လုပ်နည်းလုပ်ဟန်များသည် မသန်စွမ်းသူများအတွက် အခက်အခဲ အတားအဆီးများစွာ ဖြစ်စေပါသည်။
- နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးဟောပြောပွဲများ ကျင်းပပြုလုပ်ရာလည်းကောင်း၊ အရပ်ဖက်အဖွဲ့ အစည်းများသည် မဲဆန္ဒရှင်ပညာပေးသင်တန်းများ/အစီအစဉ်များ ပြုလုပ်ရာတွင်လည်းကောင်း ဘီးတပ်အသုံးပြုသူ၊ လမ်းလျှောက်တုတ်အသုံးပြုသူ၊ လက်သင်္ကေတပြဘာသာစကား အသုံးပြုသူများအတွက် ကြိုတင်ထည့်သွင်း စီစဉ်ဆောင်ရွက်ပေးခြင်း မရှိပါ။
- နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်းအများစုတွင် မသန်စွမ်းသူများ၊ အကျိုးဝင်မှုပါဝင်များ ရှုမှတ်ထားခြင်းမရှိသလို ၎င်းတို့၏လုပ်ရှားမှုများနှင့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင်လည်း မသန်စွမ်းသူများ အပြည့်အ၀ အများတန်းတူ ပါဝင်ခွင့် မရရှိကြပါ။
- မဲရုံအဖြစ် ရွေးချယ်အသုံးပြုသော စာသင်ကျောင်း (သို့မဟုတ်) ရပ်ရွာအတွင်းရှိ အဆောက်အဦ အများစုသည် မြေညီထပ်တွင် မရှိခြင်း၊ လှေကားထစ်များဖြင့် ပြည့်နှက်နေခြင်းတို့ကြောင့်

ဝှီးချဲလ်အသုံးပြုသူ၊ အားဖြည့်ကိရိယာအသုံးပြုသူ၊ လမ်းလျှောက်တုတ်အသုံးပြုသူ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် အတက်အဆင်း/ အဝင်အထွက် အဆင်ပြေပါ။

- မဲရုံအတွင်းရှိ စားပွဲ၊ မဲပုံးများနှင့် မဲရုံအသုံးအဆောင်ပစ္စည်းများ စီစဉ် ခင်းကျင်း ထားရှိမှုသည် ဝှီးချဲလ်နှင့် အားဖြည့်ကိရိယာ အသုံးပြုသူ မသန်စွမ်းသူများ လှုပ်ရှားသွားလာ သုံးစွဲနိုင်ရေးအတွက် အဆင်ပြေပါ။
- မဲရုံဝန်ထမ်းများနှင့် လုပ်အားပေးများသည် မသန်စွမ်းမှုဆိုင်ရာ သင်တန်းများ မရရှိထားခြင်းကြောင့် မဲဆန္ဒရှင် မသန်စွမ်းသူများအား နည်းမှန်လမ်းမှန် ထိထိရောက်ရောက် အကူအညီမပေးနိုင်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုက်တွန်း အကြံပြုချက်များ**

ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍ

- စိတ်ပိုင်းနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ အပါအဝင် မသန်စွမ်းသူအားလုံး အများနည်းတူ မဲပေးခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်ပေးပါ။
- ရွေးကောက်ပွဲကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများကို ပါဝင်ခွင့်ပေးပါ၊ နေရာပေးပါ။
- ကော်မရှင်၏ရုံးခန်းနှင့် အစည်းအဝေးခန်းနေရာများအား မသန်စွမ်းသူများ လွယ်လင့်တကူ လာရောက်နိုင်အောင် စီမံတည်ဆောက်ပေးပါ။
- ကော်မရှင်မှ တာဝန်ရှိသူများ၊ မဲရုံဝန်ထမ်းများနှင့် လုပ်အားပေးများ အတွက် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သင်တန်းများ စီစဉ်ပေးပါ။
- ကော်မရှင်၏ ဘတ်ဂျက်အသုံးစရိတ်တွင် မသန်စွမ်းသူ မဲဆန္ဒရှင်များအတွက် နှစ်စဉ် ကြိုတင် ထည့်သွင်း လျာထားဆောင်ရွက်ပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မသန်စွမ်းသူများအခွင့်အရေးကိစ္စ တင်ပြ တိုက်တွန်း ဆောင်ရွက်ခြင်း



- အမြင်အာရုံမသန်စွမ်းသူများပါ အလွယ်တကူ လက်လှမ်းမီဖတ်ရှုနိုင်ရန် ကော်မရှင်၏ ဝက်ဘ်ဆိုက်များကို Accessible Format ဖြင့် ရေးသားလွှင့်တင်ပေးပါ။
- အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် အကူအညီမလိုပဲ ၎င်းတို့ကိုယ်တိုင် လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် မဲလက်မှတ်များကို မျက်မမြင်လက်စမ်းစာလုံး (သို့) သင်္ကေတများဖြင့် ထုတ်လုပ်စီစဉ်ပေးပါ။
- မသန်စွမ်းလူထုအား ခွဲခြားရေး/ချန်လှပ်ရာရောက်သော အခြေအနေများ မဖြစ်ပေါ်စေရေးအတွက် မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ အစီအစဉ်များရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အတွေ့အကြုံရှိ မသန်စွမ်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ အကြံဉာဏ်များရယူပေးပါ။
- ကော်မရှင်နှင့် အရပ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံတိုင်းလည်း မသန်စွမ်းအဖွဲ့အစည်းများကို ထည့်သွင်းဖိတ်ကြားပေးပါ။
- အကြောင်းကြောင်းကြောင့် မှတ်ပုံတင် လက်ဝယ်မရှိသေးသော နိုင်ငံသား မသန်စွမ်းသူများ မဲပေးခွင့် မဆုံးရှုံးစေရေးနှင့် မဲစာရင်းတွင် အသေအချာပါဝင်ရေး စီမံဆောင်ရွက်ပေးပါ။




**နိုင်ငံရေးပါတီများသို့ တိုက်တွန်းအကြံပြုချက်များ**

ပါတီမူဝါဒနှင့် စီမံခန့်ခွဲမှုကဏ္ဍ

- မသန်စွမ်းသူများအကျိုးငှာ ပါတီမူဝါဒများ ထည့်သွင်းချမှတ်ဖော်ဆောင်ပါ။
- ပါတီ၏ကော်မတီများ၊ လုပ်ရပ်များနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများကို ပါဝင်ခွင့်ပေးပါ၊ နေရာပေးပါ။

- ပါတီ၏ရုံးခန်းများ၊ အစည်းအဝေးခန်းများနှင့် ပါတီက ပြုလုပ်သည့် လူထုတွေ့ဆုံပွဲနေရာများအား မသန်စွမ်းသူများ လွယ်လင့်တကူ လာရောက်နိုင်အောင် စီမံဆောင်ရွက်ထားပေးပါ။
- ပါတီ၏ဘတ်ဂျက်အသုံးစရိတ်တွင် မသန်စွမ်းသူများအတွက် နှစ်စဉ်ကြိုတင် ထည့်သွင်း လျာထားဆောင်ရွက်ပါ။
- ပါတီ၏တာဝန်ရှိသူများအတွက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သင်တန်းများ စီစဉ်ပေးပါ။
- မသန်စွမ်းလူထုအား ခွဲခြားရာ/ချန်လှပ်ရာရောက်သော အခြေအနေများ မဖြစ်ပေါ်စေရေးအတွက် မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ အစီအစဉ်များရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း အတွေ့အကြုံရှိ မသန်စွမ်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင် အကြံဉာဏ်ရယူပေးပါ။
- ပါတီက ပြုလုပ်သည့် အဖွဲ့အစည်းများနှင့်တွေ့ဆုံပွဲများ၊ လူထုတွေ့ဆုံပွဲများတွင် မသန်စွမ်း အဖွဲ့အစည်းများကို ထည့်သွင်းဖိတ်ကြားပေးပါ။







အများပြည်သူဆိုင်ရာ သတင်းအချက်အလက်နှင့် တိုင်ပင်ဆွေးနွေးခြင်းကဏ္ဍ

- ပါတီမှထုတ်ပြန်သည့် (သို့) ဖြန့်ဝေသည့် သတင်းအချက်အလက်တိုင်းကို မသန်စွမ်းပြည်သူများလည်း အချိန်နှင့်တပြေးညီ ရရှိသိရှိလက်လှမ်းမီနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် စီမံဆောင်ရွက်ပေးပါ။
- အမြင်အာရုံမသန်စွမ်းသူများပါ အလွယ်တကူ လက်လှမ်းမီဖတ်ရှုနိုင်ရန် ပါတီ၏ ဝက်ဘ်ဆိုက်ကို Accessible Format ဖြင့် ရေးသားလွှင့်တင်ပေးပါ။

**အရပ်ဖက်အဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ**

အရပ်ဖက်အဖွဲ့အစည်းများ၏မူဝါဒနှင့် စီမံခန့်ခွဲမှုကဏ္ဍ

- မသန်စွမ်းသူများအကျုံးဝင် မူဝါဒများ ထည့်သွင်းချမှတ်ဖော်ဆောင်ပါ။
- အဖွဲ့၏လှုပ်ရှားမှုများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများကို ပါဝင်ခွင့်ပေးပါ၊ နေရာပေးပါ။
- အဖွဲ့၏ရုံးခန်းများ၊ အစည်းအဝေးခန်းများနှင့် အဖွဲ့ကပြုလုပ်သည့် သင်တန်းများတွင် မသန်စွမ်းသူများ လွယ်လင့်တကူ လာရောက်နိုင်အောင် စီမံဆောင်ရွက်ထားပေးပါ။
- အဖွဲ့၏ဘတ်ဂျက်အသုံးစရိတ်တွင် မသန်စွမ်းသူများအတွက် နှစ်စဉ်ကြိုတင်ထည့်သွင်း၊ လျာထားဆောင်ရွက်ပါ။
- အဖွဲ့၏တာဝန်ရှိသူများအတွက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သင်တန်းများ၊ စီစဉ်ပေးပါ။

အများပြည်သူဆိုင်ရာ သတင်းအချက်အလက်နှင့် တိုင်ပင်ဆွေးနွေးခြင်းကဏ္ဍ

- အဖွဲ့မှထုတ်ပြန်သည့် (သို့) ဖြန့်ဝေသည့် သတင်းအချက်အလက်တိုင်းကို မသန်စွမ်းသူများလည်း အချိန်နှင့်တပြေးညီ ရရှိ သိရှိလက်လှမ်းမီနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် စီမံဆောင်ရွက်ပေးပါ။
- အမြင်အာရုံမသန်စွမ်းသူများပါ အလွယ်တကူ လက်လှမ်းမီဖတ်ရှုနိုင်ရန် အဖွဲ့၏ ဝက်ဘ်ဆိုက်ကို Accessible Format ဖြင့် ရေးသားလွှင့်တင်ပေးပါ။
- မသန်စွမ်းလူထုအား ခွဲခြားမှု/ချန်လှပ်ရာရောက်သော အခြေအနေများ မဖြစ်ပေါ်စေရေးအတွက် မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ အစီအစဉ်များရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အတွေ့အကြုံရှိ မသန်စွမ်းအဖွဲ့အစည်းများနှင့် ညှိနှိုင်း တိုင်ပင်၍ အကြံဉာဏ်များရယူပေးပါ။
- အဖွဲ့က ပြုလုပ်သည့် အစည်းအဝေးများ၊ သင်တန်းများ၊ တွေ့ဆုံပွဲများတွင်မသန်စွမ်း အဖွဲ့အစည်းများကို ထည့်သွင်းဖိတ်ကြားပေးပါ။







မသန်စွမ်းသူများအကျိုးငှာ ရွေးကောက်ပွဲနှင့် မဲပေးခွင့်ဆိုင်ရာ ပညာပေး ဗွီဒီယိုများ၊ ရိုက်ကူး ထုတ်လုပ်ခြင်း၊
စာအုပ်စာစောင်များ ထုတ်ဝေဖြန့်ဖြူး အသိပညာပေးခြင်း









**မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့**

အမှတ် ၁၇/၁၉၊ သာယာအေးလမ်း၊ အမှတ် (၃)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၀၀ ၆၇၂၄၇
ဖက်စ် - ၀၁ ၉၆၆၉၁၃၃
အီးမေးလ် - info@mili.org.mm
ဝက်ဘ်ဆိုက် - www.mili.org.mm
ဖေ့စ်ဘွတ် - www.facebook.com/myanmarili2015

ကန့်သတ်